
http://www.dhammadownload.com

ရွှေပါရမီ

လက်ကမ်းစာစဉ်(၁၉)



# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# အားထုတ်ဖြစ်ဖို့အဓိက

http://www.dhammadownload.com

ဓမ္မဒါန ကုသိုလ်ရှင်

http://www.dhammadownload.com

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . .သို့

အမှတ်တရဓမ္မဒါန

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

http://www.dhammadownload.com

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

---


စာမူခွင့်ပြုချက် – ၃၂၀၉၅၃၀၅၉၂

မျက်နှာဖုံးခွင့်ပြုချက် – ၃၂၀၈၀၇၀၅၉၂

မျက်နှာဖုံးပန်းချီ – မြင့်မောင်ကျော်

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း(၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။


ဓမ္မဒါန

http://www.dhammadownload.com

# အားထုတ်ဖြစ်ဖို့အဓိက

၈. ၉. ၉၈ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်ထဲက ဆောင်းပါးတစ်ပုဒ်မှာ ဆောင်းပါးရှင်က ‘ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းကြောင်း၊ ရောဂါပျောက်ချင်လို့ တရားအားထုတ်တာဟာ တရားကို ခုတုံးလုပ် အသုံးချတာဖြစ်ကြောင်း၊ ရိပ်သာတွေမှာ ရောဂါပျောက်ချင်ရင် တရားအားထုတ်ပါလို့ မှားယွင်းစွာ မြှူဆွယ်နေကြကြောင်း’ ရေးသားထားတာကို ဖတ်ရှုလိုက်ရပါတယ်။

အဲဒီရေးသားချက်ကို ဖတ်ရှုလိုက်ရတော့ အ

http://www.dhammadownload.com

တိတ်က ဖတ်ခဲ့၊ မှတ်ခဲ့၊ ကြားနာခဲ့ဖူးတဲ့ အကြောင်းအရာလေးတွေဟာ စာရေးသူရဲ့ အတွေးအာရုံထဲကို တစ်ခုပြီးတစ်ခု စီကာစဉ်ကာ ဝင်ရောက်လာပါတယ်။

ပထမဆုံး ဝင်ရောက်လာတဲ့ အကြောင်းအရာကတော့ နန္ဒမင်းသားတစ်ဖြစ်လဲ အရှင်နန္ဒရဲ့ အကြောင်းပါ။

အရှင်နန္ဒဟာ သာသနာ့ဘောင်ကို သံသရာလွတ်ဖို့၊ နိဗ္ဗာန်ရဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်လာသူမဟုတ်ပါဘူး။ ဇနပဒကလျာဏီနဲ့ လက်ထပ်ပွဲဆင်နွှဲတဲ့နေ့မှာ မြတ်စွာဘုရားက တိုက်တွန်းလို့ မြတ်စွာဘုရားကို ရိုသေညွတ်ကိုင်းတဲ့စိတ်နဲ့ ဝင်ရောက်လာရသူပါ။

သဒ္ဓါတရားအစစ်အမှန်နဲ့ သက်နိုးဝတ်လာသူမဟုတ်တော့ သာသနာ့ဘောင်မှာ မပျော်ပါဘူး။ ဇနပဒကလျာဏီကိုပဲ တမ်းတမ်းတတ သတိရနေပါတယ်။ သာသနာ့ဘောင်မှာ မပျော်မွေ့ဘဲ ငြီးငွေ့စိတ်ပျက်နေတဲ့ အရှင်နန္ဒကို မြတ်စွာဘုရားက တာဝတိံသာနတ်ပြည် ခေါ်သွားခဲ့ပါတယ်။ ဇနပဒကလျာဏီထက် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် လှပတဲ့ နတ်သမီးလေးတွေကို မြင်

http://www.dhammadownload.com

တွေ့ရတော့ အရှင်နန္ဒဟာ နတ်သမီးလေးတွေကို လိုချင်တဲ့စိတ် ဖြစ်လာပါတယ်။

နတ်သမီးလေးတွေ လိုချင်ရင် တရားအားထုတ်ပါ၊ တရားအားထုတ်ရင် နတ်သမီးလေးတွေ ရရစေ့မယ်လို့ မြတ်စွာဘုရားက အာမခံတိုက်တွန်းလိုက်တော့ အရှင်နန္ဒလည်း ဝမ်းမြောက်ဝမ်းသာဖြစ်သွားပြီး နတ်သမီးလိုချင်တဲ့စိတ်နဲ့ တရားအားထုတ်တော်မူပါတယ်။ နောက်ပိုင်းမှာ တခြားရဟန်းတော်များက ကဲ့ရဲ့ကြတဲ့အတွက် ရည်ရွယ်ချက်ပြောင်းသွားပြီး အားထုတ်လိုက်တာ မကြာခင်မှာပဲ အရှင်နန္ဒ ရဟန္တာဖြစ်တော်မူသွားပါတယ်။

အရှင်နန္ဒ တရားအားထုတ်ခြင်းရဲ့ မူလရည်ရွယ်ချက်က နတ်သမီး ရဖို့ပါ။ နိဗ္ဗာန်ရဖို့ မဟုတ်ပါဘူး။ နတ်သမီးရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်သာ မရှိရင် တရားအားထုတ်ဖြစ်မှာ မဟုတ်ပါဘူး။ အစကတည်းကမှ တရားအားမထုတ်ဖြစ်ရင် ရည်ရွယ်ချက်လည်း ပြောင်းစရာ မရှိ၊ ရဟန္တာလည်း ဖြစ်စရာမရှိပါဘူး။

မူလရည်ရွယ်ချက်က အဆင့်နိမ့်ပေမယ့် တရား

http://www.dhammadownload.com

အားထုတ်ရင်းနဲ့ တရားအသိဉာဏ် ရင့်ကျက်သွားရင် ရည်ရွယ်ချက်လည်း အဆင့်မြင့်သွားနိုင်ပါတယ်။ လမ်းဆုံးရင် ရွာတွေ့ရစမြဲ ဖြစ်သလို တရားကို နည်းမှန်လမ်းမှန် အားထုတ်နေရင်လည်း ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ် နောက်ဆုံးမှာ တရားရဲ့ အဓိကပန်းတိုင်ကို မလွဲမသွေ ဆိုက်ရောက်သွားမှာပါပဲ။ တရားအားထုတ်ဖြစ်ဖို့နဲ့ တရားအားထုတ်ပုံ နည်းလမ်းမှန်ဖို့သာ အရေးကြီးပါတယ်။

ရောဂါပျောက်ချင်ရင် တရားအားထုတ်ပါ ဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းတဲ့ မြူဆွယ်မှုလို့ စွပ်စွဲခဲ့ရင် နတ်သမီးလိုချင်ရင် တရားအားထုတ်ပါလို့ တိုက်တွန်းခဲ့တဲ့ မြတ်စွာဘုရားကိုလည်း အမှားမြူသမားကြီးလို့ လက်ညှိုးထိုးရှုတ်ချရာ ရောက်ပါတယ်။

အတွေးအာရုံထဲ ဝင်ရောက်လာတဲ့ နောက်အကြောင်းအရာတစ်ခုက အနာထပိဏ်သူဌေးကြီးရဲ့သား ကာဠအကြောင်းပါ။

အဖေက သောတာပန်ကျောင်းဒကာကြီး ဖြစ်ပေ

http://www.dhammadownload.com

မယ့် သားကာဠကတော့ ဘုရားကျောင်းလည်း မသွား၊ တရားလည်း မနာ သာမန်လူတစ်ယောက်လိုပဲ မေ့မေ့လျော့လျော့ နေနေပါတယ်။

တစ်နေ့တော့ ဘုရားကျောင်းသွားပြီး ဥပုသ်စောင့်၊ တရားနာရင် အသပြာတစ်ရာပေးမယ်လို့ ဖခင်သူဌေးကြီးက ပြောတဲ့အတွက် အသပြာတစ်ရာ လိုချင်တဲ့စိတ်နဲ့ ဘုရားကျောင်းသွား၊ ဥပုသ်စောင့်ခဲ့ပါတယ်။ တရားတော့ မနာခဲ့ပါဘူး။ တော်ရာမှာ အိပ်ပြီး ပြန်လာခဲ့ပါတယ်။

နောက်တစ်နေ့မှာ တရားတစ်ပုဒ် မှတ်မိအောင်နာပြီး ပြန်ပြောပြနိုင်ရင် အသပြာတစ်ထောင် ပေးမယ်လို့ ပြောပြန်တဲ့အတွက် အသပြာတစ်ထောင် ရလိုတဲ့စိတ်နဲ့ တရားကို သေချာအာရုံစိုက်ပြီး နာပါတယ်။ တရားနာရင်း တရားနာရင်း တရားအဓိပ္ပာယ်ကို ထိုးထွင်း သိမြင်သွားရာက တရားနာရင်း တရားအားထုတ်လိုက်တာ သောတာပန်တည်သွားခဲ့ပါတယ်။

မူလရည်ရွယ်ချက်က အသပြာတစ်ထောင်ရဖို့၊

http://www.dhammadownload.com

ပိုက်ဆံတစ်ထောင်ရဖို့ပါ။ ဒါပေမဲ့ သောတာပတ္တိမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်ခဲ့ပါတယ်။

မူလ ရည်ရွယ်ချက်က မမှန်ပေမယ့် အလုပ်က မှန်နေရင် အလုပ်ရဲ့ အကျိုးတရားကို ထိုက်ထိုက်တန်တန် အမှန်အတိုင်း ခံစားရမှာ မလွဲပါဘူး။

ကလေးဘဝမှာ မိဘက ပိုက်ဆံပေးမယ် ဆိုလို့ ပိုက်ဆံလိုချင်စိတ်နဲ့ ဥပုသ်စောင့်၊ တရားထိုင်ရာက . . . တဖြည်းဖြည်းနဲ့ ဘာသာရေးအသိဉာဏ် ရင့်ကျက်ပြီး အမှန်အကန် တရားသမား ဖြစ်လာတဲ့ လူငယ်၊ လူရွယ်၊ လူကြီးတွေ မျက်မှောက်ခေတ်မှာ မရေမတွက်နိုင်အောင် အများကြီး ရှိပါတယ်။

တချို့ နာမည်ကျော် ဆရာတော်ကြီး၊ ဆရာတော်ငယ်တွေ၊ နာမည်ကျော်လူပုဂ္ဂိုလ်တွေလည်း အထင်အရှား ရှိပါတယ်။ နာမည်ထုတ်ပြီး ရေးရင် ကာယကံရှင်တွေ မကြိုက်မှာစိုးလို့ နာမည်တော့ ထုတ်ဖော်မရေးတော့ပါဘူး။

ဆရာတော်ကြီးတစ်ပါးဆို ဆရာသမား မဖြေစေ

http://www.dhammadownload.com

ချင်တဲ့ အဘိဓမ္မာသစာမေးပွဲကို ဖြေဆိုအောင်မြင်ပြီးမှ ဆရာသမား မကြိုက်တာ လုပ်ခဲ့မိတဲ့အတွက် နောင်တရပြီး စိတ်ညစ်လွန်းလို့ စိတ်ညစ်တာပျောက်အောင်ဆိုပြီး ရိပ်သာကြီးတစ်ခုမှာ ဝင်ရောက်တရားအားထုတ်ရာက တရားတွေ့သွားပြီး ရည်ရွယ်ချက်တွေ မှန်သွားလိုက်တာ ခုဆိုပြည်တွင်း ပြည်ပသာသနာပြု ရိပ်သာဆရာတော်ကြီး တစ်ပါး ဖြစ်လို့နေပါပြီ။

နာမည်ကြီးကာစ ဆရာတော်တစ်ပါးဆိုရင်လည်း လူ့ဘဝတုန်းက အိပ်မပျော်တဲ့အတွက် အိပ်ပျော်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တရားအားထုတ်ခဲ့ရာက တရားအရသာ တွေ့သွားပြီး နိဗ္ဗာန်ကိုလည်း လိုချင်ရမှန်း သိလာ၊ ဘာသာမဲ့ဘဝကနေလည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာတဲ့ အပြင် ဇနီး၊ သမီးတို့ကို စွန့်ပြီး ရဟန်းဘဝကိုပါ တက်လှမ်းနိုင်ခဲ့ပါတယ်။

ကမ္ဘာကျော် ဝိပဿနာဆရာကြီး တစ်ယောက်ဆိုရင်လည်း ခေါင်းတစ်ခြမ်းကိုက်တဲ့ရောဂါ ပျောက်ချင်လို့ တရားအားထုတ်ရာက တရားလမ်းမှန် ရောက်သွားလိုက်

http://www.dhammadownload.com

တာ ခုဆို ရုပ်နာမ်ဒုက္ခချုပ်ငြိမ်းရေး၊ နိဗ္ဗာန်မျက်မှောက်ပြု ရေးတရားတွေကို ကမ္ဘာအနှံ့ တွင်တွင်ကျယ်ကျယ်ကြီး ဟောပြောလို့နေပါပြီ။

ဒီလို ရည်ရွယ်ချက် ပြောင်းလဲမှန်ကန်သွားသူ တွေ အကြောင်းကို ပြောပြ၊ ရေးပြလို့တောင် ကုန်နိုင်ဖွယ် မရှိပါဘူး။ ရောဂါပျောက်ချင်လို့ တရားအားထုတ်ရာကနေ တရားအရသာ တွေ့သွားပြီး မဂ်ဖိုလ်နိဗ္ဗာန် ဦးတည်ချက်နဲ့ စွဲစွဲမြဲမြဲ တရားအားထုတ်နေသူတွေ ဒုနဲ့ဒေးပါ။

ဘာဖြစ်ချင်လို့၊ ညာဖြစ်ချင်လို့ ဆိုတဲ့ လောကီ အကျိုးကို မျှော်ကိုးပြီး တရားအားထုတ်တာကို မဆိုထားနဲ့၊ ဘာအကျိုးကိုမှ မလိုချင်ဘဲ၊ အကျိုးရလိမ့်မယ်လို့လည်း မယုံကြည်ဘဲ လူမှုရေးအရ မလုပ်ရင် မကောင်းတတ်လို့ အားနာပါးနာနဲ့ လုပ်လိုက်မိတဲ့ ဘာသာရေးအလုပ်က တောင် မျှော်လင့်မထားတဲ့ အကျိုးတရားကြီးကို ဖြစ်ပွား စေခဲ့တဲ့သာဓက ပိဋကတ်တော်မှာ အထင်အရှား ရှိခဲ့ပါ တယ်။

သာဝတ္ထိမြို့က သူရမ္ဗဋ္ဌဆိုတဲ့ သူဌေးတစ်ယောက်

http://www.dhammadownload.com

ဟာ သာသနာပ တိတ္ထိတွေကို အလုပ်အကျွေးပြုနေတဲ့ မိစ္ဆာဒိဋ္ဌိတစ်ယောက် ဖြစ်ပါတယ်။ တစ်နေ့တော့ သူ့ရဲ့ အိမ်တံခါးဝမှာ မြတ်စွာဘုရား ဆွမ်းခံလာရပ်ပါတယ်။ ဗုဒ္ဓဘာသာဝင် မဟုတ်တဲ့အတွက် ကန်တော့ဆွမ်း လောင်း လိုက်ရင် ရပေမယ့် သူရမ္ဗဋ္ဌက အဲဒီလို မလုပ်ပါဘူး။

'ရဟန်းဂေါတမဟာ မင်းမျိုးမင်းနွယ်က ဆင်း သက်လာသူမို့ အမျိုးမြတ်သူဖြစ်တယ်။ လောကမှာလည်း ဘုရားရယ်လို့ အလွန်ထင်ရှားကျော်ကြားသူဖြစ်တယ်။ ဒီလိုပုဂ္ဂိုလ်တစ်ယောက်ကို သွားမတွေ့လို့ မသင့်တော်ပါ ဘူးလေ' လို့ စဉ်းစားတွေးတောပြီး သူရမ္ဗဋ္ဌဟာ မြတ်စွာ ဘုရားကို သွားတွေ့ ရှိခိုးရုံမက အိမ်ထဲပင့်ပြီး ဆွမ်းဆက် ကပ်လုပ်ကျွေးပါတယ်။

ဆွမ်းစားအပြီး မြတ်စွာဘုရား ဟောကြားတဲ့ တရားကို နာရတဲ့အခါ တရားအဆုံးမှာ သောတာပန်ဖြစ် သွားခဲ့ပါတယ်။ နောက်တော့ သာသနာတော်ကို ဉာဏ် သက်ဝင်ပြီး မတုန်မလှုပ်ကြည်ညိုတဲ့နေရာမှာ အသာဆုံး၊ အမြတ်ဆုံး၊ ဧတဒဂ်ရာထူးကိုတောင် ဆွတ်ခူးရရှိခဲ့ပါတယ်။

http://www.dhammadownload.com

လူမှုရေးဝတ္တရား ကျေပွန်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်လိုက်တဲ့ တရားအလုပ်က သောတာပတ္တိမဂ်ဖိုလ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည်အထိ ကျေးဇူးပြုသွားခဲ့တာဟာ အံ့သြစရာမကောင်းဘူးလား။ ဒါဟာ မှန်ကန်တဲ့ တရားတော်ရဲ့သဘာဝစွမ်းရည်သတ္တိပါ။ တရားက မှန်နေရင် ဘာရည်ရွယ်ချက်နဲ့ပဲ လုပ်လုပ် အကျိုးတရား မှန်မှာပါပဲ။

တရားအားထုတ်တဲ့နေရာမှာ ရောဂါပျောက်ရုံ၊ စိတ်ချမ်းသာရုံလေးနဲ့ ကျေနပ်မနေကြနဲ့၊ မဂ်ဖိုလ်နိဗ္ဗာန်ရသည်အထိ၊ ရဟန္တာဖြစ်သည်အထိ အားထုတ်ပါလို့ ရိုးရိုးလေး တိုက်တွန်းလိုက်ရင် မှန်လည်း မှန်ပါတယ်။ အပြစ်လည်း ကင်းပါတယ်။ ခုတော့တရားအားထုတ်ဖို့ တိုက်တွန်းသူတွေကို "မှားယွင်း" ဆိုတဲ့ စကားလုံး၊ "မြူဆွယ်"ဆိုတဲ့ စကားလုံးတွေနဲ့ စွပ်စွဲပုတ်ခတ်လာလို့ ဒီစာလေးနဲ့ အကျဉ်းချုပ် ဖြေရှင်းပြလိုက်ရပါတယ်။

ဒါကြောင့် တရားအားထုတ်ချင်သူတွေကိုရော၊ တရားအားထုတ်နေသူတွေကိုပါ "ဘာရည်ရွယ်ချက်နဲ့ပဲ

http://www.dhammadownload.com

တရား အားထုတ်အားထုတ်၊ တရားကို အားထုတ်ပါ၊ အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်နည်း မှန်ကန်ဖို့သာ အဓိကပါ" လို့ လေးလေးနက်နက် ပြောချင်ပါတယ်။

တကယ်တော့လည်း ရောဂါ ပျောက်အောင် တရားအားထုတ်ပါ ဆိုတဲ့ တိုက်တွန်းချက်ဟာ မြတ်စွာဘုရားစကားတော်နဲ့ မဆန့်ကျင်ပါဘူး။ မဟာသတိပဋ္ဌာနသုတ္တန်မှာ မြတ်စွာဘုရားရှင်က အကျိုးတရားခုနစ်ပါး ရဖို့ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပါလို့ တိုက်တွန်းတော်မူပါတယ်။

အကျိုးတရား ခုနစ်ပါးက မဂ်ဖိုလ်နိဗ္ဗာန်သက်သက် မဟုတ်ပါဘူး။ စိတ်စင်ကြယ်ဖို့၊ စိုးရိမ်ပူဆွေးမှု, ငိုကြွေးမှု လွန်မြောက်ဖို့နဲ့ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှု ချုပ်ငြိမ်းဖို့လည်း ပါပါတယ်။ ရောဂါ ပျောက်အောင် တရားအားထုတ်ပါဆိုတဲ့ စကားဟာ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲချုပ်ငြိမ်းအောင် တရားအားထုတ်ပါ (ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ) ဆိုတဲ့ မြတ်စွာဘုရားစကားတော်နဲ့ တစ်ထပ်တည်းပါပဲ။

— — — — —

http://www.dhammadownload.com

ဒါ့ကြောင့် ရောဂါပျောက်အောင် တရားအား ထုတ်ပါဆိုတဲ့ တိုက်တွန်းချက်ကို မှားယွင်းစွာ မြှုဆွယ်မှုလို့ စွပ်စွဲခဲ့ရင် မြတ်စွာဘုရားကိုလည်း မှားယွင်းစွာ မြှုဆွယ်သူလို့ စွပ်စွဲရာရောက်ပါတယ်။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်တာဟာ ရောဂါပျောက်ဖို့ ရည်ရွယ်ချက်တစ်ခုတည်းနဲ့ တရားအားထုတ်ချင်သူ၊ တရားအားထုတ်နေသူကို အားမထုတ်နဲ့လို့ တားမြစ်ပိတ်ပင်လိုက်တာပါပဲ။ ဒါဟာ ဓမ္မန္တရာယ်ဖြစ်ပါတယ်။

လောကအလုပ်တွေထဲမှာ တရားအားထုတ်တဲ့ အလုပ်ဟာ အကောင်းဆုံးအလုပ် ဖြစ်ပါတယ်။ ရောဂါပျောက်ဖို့ လုပ်ရမယ့် အလုပ်တွေ အများကြီးရှိတဲ့အထဲက အကောင်းဆုံးအလုပ်ဖြစ်တဲ့ တရားအားထုတ်ခြင်းကို ရွေးချယ်လိုက်တာဟာ ကြိုဆိုစရာ အပြုသဘောတစ်ခုပါပဲ။

ထမင်းဟာ ဘာရည်ရွယ်ချက်နဲ့ပဲ စားစား၊ စားသူကို ဗိုက်ပြည့်စေ၊ အားရှိစေမှာဖြစ်သလို တရားဟာလည်း

http://www.dhammadownload.com

ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ်အားထုတ်၊ အားထုတ်သူကို ငြိမ်းအေးစေ၊ လွတ်မြောက်စေမှာ သေချာပါတယ်။

တရားကို တရားနဲ့ တူအောင် အားထုတ်ဖို့တော့ လိုတာပေါ့။ ဘေးလူအထင်ကြီးအောင် ဆိုပြီး တရားသဘော နှလုံးမသွင်းဘဲနဲ့ ငုတ်တုတ်ထိုင်နေရုံသက်သက်နဲ့တော့ ဘာမှ အကျိုးမထူးနိုင်ဘူးပေါ့။ ဒါတောင် ကာယကံထိန်းချုပ်မှုရဲ့ အသီးအပွင့်ကို အနည်းနဲ့အများ ခံစားနိုင်ပါသေးတယ်။

ရောဂါပျောက်ချင်လို့ပဲဖြစ်ဖြစ်၊ နိဗ္ဗာန်လိုချင်လို့ပဲဖြစ်ဖြစ် တရားအားထုတ်ပြီဆိုရင်တော့ သတိ၊ သမာဓိ၊ ပညာ အစရှိတဲ့ ဗောဇ္ဈင်တရားတွေ၊ ဗောဓိပက္ခိယတရားတွေဟာ အားထုတ်မှုအလိုက်၊ ပါရမီအလိုက် ဖြစ်ပေါ်လာတော့တာပါပဲ။

ရောဂါပျောက်တယ်ဆိုတာကလည်း အဲဒီတရားတွေရဲ့ အစွမ်းသတ္တိကြောင့် ပျောက်တာပါ။ ရောဂါပျောက်ချင်တယ်ဆိုတာဟာ အဲဒီ ဗောဇ္ဈင်တရား၊ ဗောဓိပက္ခိယတရားတွေ ဖြစ်ချင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

— — — — —

http://www.dhammadownload.com

ထန်းလျက်ဟာ ချိုချင်လို့ စားသူတွေအတွက် လည်း ချိုသလို အစာကြေချင်လို့ စားသူတွေအတွက်လည်း ချိုပါတယ်။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာကို တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာဟာ ဗောဇ္ဈင်သုတ်သမိုင်းကြောင်းထဲက မြတ်စွာဘုရားနဲ့ ရဟန္တာအရှင်မြတ်ကြီးတွေကိုလည်း ကဲ့ရဲ့လိုက်တာပါပဲ။

အရှင်မဟာမောဂ္ဂလာန်နဲ့ အရှင်မဟာကဿပ မကျန်းမမာ ရောဂါစွဲကပ်နေတုန်းက မြတ်စွာဘုရား ကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ် ရွတ်ပေးခဲ့လို့ ရောဂါ ပျောက်သွားခဲ့ပါတယ်။ မြတ်စွာဘုရား ကိုယ်တော်တိုင် မကျန်းမမာ ရောဂါပြင်းထန်တုန်းကလည်း အရှင်စုန္ဒကို မြတ်စွာဘုရား ကိုယ်တော်တိုင် ရောဂါပျောက်အောင် ဗောဇ္ဈင်သုတ်ရွတ်ပေးဖို့ မိန့်တော်မူခဲ့ပါတယ်။ အရှင်စုန္ဒက ရွတ်ပေးလို့ မြတ်စွာဘုရား ရောဂါပျောက်တော်မူခဲ့ပါတယ်။

ဗောဇ္ဈင်သုတ် နာယူတယ်ဆိုတာဟာ ဗောဇ္ဈင်

http://www.dhammadownload.com

တရားတွေ ဖြစ်ပွားလာအောင် တရားအားထုတ်တာပါပဲ။ မြတ်စွာဘုရားထုံး နှလုံးမူပြီး ရောဂါပျောက်ချင်လို့ တရားအားထုတ်တာဟာ မြတ်စွာဘုရားလမ်းစဉ် လိုက်တာပါပဲ။ ဒီလမ်းစဉ်ကို ကဲ့ရဲ့လိုက်တာဟာ မြတ်စွာဘုရားကိုလည်း တရားကို ခုတုံးလုပ် အသုံးချတယ်လို့ ကဲ့ရဲ့လိုက်တာပါပဲ။

ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ မကောင်းဘူးလို့ ဆိုလိုက်ခြင်းအားဖြင့် မြတ်စွာဘုရားဟာ မကောင်းတဲ့အလုပ်၊ ညံ့ဖျင်းသေးသိမ်တဲ့အလုပ်ကို လုပ်တယ်လို့ ဆိုလိုက်ရာရောက်ပါတယ်။

ရောဂါပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် . . . ထစ်ကနဲရှိ ဗေဒင်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်ကိုပဲ လွဲမှားစွာ အားကိုးနေကြတဲ့ ဒီခေတ်ကြီးထဲမှာ တရားအားထုတ်ခြင်းကို အားကိုးလာတာဟာ မုဒိတာပွားသင့်တဲ့ ကိစ္စရပ်ကြီးတစ်ခုပါ။

အမျိုးသမီးအဆိုတော်တစ်ဦးက ရိပ်သာဆရာတော်ကြီးတစ်ပါးကို သူမ အောင်မြင်ကျော်ကြားအောင် ဘာလုပ်ရမလဲလို့ မေးလျှောက်တော့ ဆရာတော်ကြီးက

http://www.dhammadownload.com

ဝိပဿနာတရား အားထုတ်ပါလို့ မိန့်တော်မူလိုက်ပါတယ်။

အနုပညာလောကမှာ အောင်မြင်ကျော်ကြား အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့မျှား အနုပညာသမားအား လုံး တရားအားထုတ်ကြမယ်ဆိုရင် စာရေးသူကတော့ တရားအားထုတ်သူဦးရေ တိုးပွားလာတာကို ဝမ်းမြောက် ဝမ်းသာ ကြိုဆိုနေမှာပါပဲ။ မုဆိုးစိုင်သင်ဆိုတာလို တရား က လူကို သင်သွားမှာမို့ ဒီလိုရည်ရွယ်ချက်နဲ့ တရားအား ထုတ်တာကို မကောင်းဘူးလို့ စာရေးသူကတော့ ဘယ် တော့မှ မကန့်ကွက်ပါဘူး။

ဒါ့ကြောင့် ထပ်ပြီး ပြောချင်တာက . . .

'ဘာရည်ရွယ်ချက်နဲ့ပဲ အားထုတ် အားထုတ်၊ တရားအားထုတ်တာ ကောင်းပါတယ်၊ အားထုတ်ပါ။ အ ဟုတ်တကယ် အားထုတ်ဖြစ်ဖို့နဲ့ အားထုတ်ပုံနည်းလမ်း မှန်ဖို့သာ အရေးကြီးပါတယ်'

'ရောဂါပျောက်ချင်လို့ တရားအားထုတ်တာ လည်း ကောင်းပါတယ်'

'စီးပွားရေး၊ လူမှုရေး အဆင်ပြေ တိုးတက်ချင်လို့

http://www.dhammadownload.com

တရားအားထုတ်တာလည်း ကောင်းပါတယ်'

'စိတ်ဓာတ်ခိုင်မာ ငြိမ်းချမ်းပြီး စိတ်နေသဘောထား ကြီးကျယ် မြင့်မြတ်ချင်လို့ တရားအားထုတ်တာလည်း ကောင်းပါတယ်'

'ခန္ဓာဇာတ်သိမ်း ဒုက္ခငြိမ်းချင်လို့ တရားအားထုတ်တာကတော့ အကောင်းဆုံးပါပဲ'

ဗုဒ္ဓဘာသာဝင်တွေထဲက ဘာသာရေးအသိဉာဏ် နုနယ်သေးသူတွေကို တဖြည်းဖြည်း ရင့်ကျက်လာအောင် ဆွဲခေါ်ရမယ့်အစား အသိဉာဏ် ရှုပ်ထွေးပြီး ဇဝေဇဝါ ထင်ယောင်ထင်မှားဖြစ်အောင် အာဃာတနဲ့ ပွဲလှန့်နေတာကတော့ လုံးဝ မသင့်တော်ဘူးလို့ ထင်ပါတယ်။

ဆရာတော်၊ သမားတော်တွေကလည်း ရည်ရွယ်ချက် နိမ့်နေသူတွေကို မြင့်လာအောင် မေတ္တာ၊ ကရုဏာနဲ့ တဖြည်းဖြည်းချင်း ဆွဲခေါ် မြှင့်တင်နေကြတာပါ။

ဣဿာမစ္ဆရိယအမြင်နဲ့ အမြဲ ကြည့်တတ်သူတွေအတွက် အရာရာတိုင်းဟာ အဆိုးတွေ၊ အပြစ်တွေချည်းဖြစ်နေမှာပါ။ အရာရာကို ယောနိသော မနသိကာရ

http://www.dhammadownload.com

အမြင်နဲ့ မှန်မှန်ကန်ကန် နားလည် နှလုံးသွင်းတတ်ခြင်းက
သာ တကယ့်သူတော်ကောင်းစိတ်ထား ဖြစ်ပါတယ်။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် . . . တရား
အားထုတ်ဖြစ်ကြပါစေ . . . ။ ဘာရည်ရွယ်ချက်နဲ့ပဲဖြစ်ဖြစ်
. . . တရားအားထုတ်ဖြစ်ကြပါစေ . . . ။

အပ္ပမာဒေန သမ္ပာဒေထ။

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

၉ - ၉ - ၉၈

[ ၁၀ - ၁၁ - ၉၈ ရက်နေ့ထုတ် ပေါ်ပြူလာဂျာနယ်မှ ]

http://www.dhammadownload.com



# အနှိုင်းမဲ့ပိုက်ကွန်

လောကမှာ ရှိရှိသမျှ ပိုက်ကွန်အားလုံးထဲမှာ မောဟပိုက်ကွန်ဟာ အနှိုင်းမဲ့ပိုက်ကွန် ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မောဟပိုက်ကွန်ထက် ပိုပြီး သတ္တဝါတွေကို ငြိယှက်ဖုံးကွယ်တတ်ပါတယ်၊ ချုပ်နှောင်ဖမ်းဆီးတတ်ပါတယ်လို့ နှိုင်းယှဉ်စရာ၊ အစားထိုးစရာ၊ ထပ်တူပြုစရာ တခြားပိုက်ကွန် မရှိတော့လို့ပါပဲ။

မောဟပိုက်ကွန်နဲ့ လဲလှယ်သင့် လဲလှယ်ထိုက်တဲ့ တခြားပိုက်ကွန် လောကမှာ မရှိတော့တဲ့အတွက် မောဟပိုက်ကွန်ဟာ အနှိုင်းမဲ့ပိုက်ကွန် ဖြစ်ရပါတယ်။

— — — — —

http://www.dhammadownload.com

ပိုက်ကွန်ဆိုတာ မိမိအတွင်း ဝင်ရောက်လာတဲ့ သတ္တဝါတွေကို ချုပ်နှောင်ထားတတ်တဲ့သဘော ရှိပါတယ်။ ပိုက်ကွန်အတွင်း သက်ဆင်းကျရောက်သွားတဲ့ သတ္တဝါတွေဟာ ပိုက်ကွန်ရဲ့ အပြင်ဘက်ကို ပြန်ရောက်ဖို့ မလွယ်တော့ပါဘူး။ လွတ်ထွက်ဖို့ သိပ်ခက်ပါတယ်။

ပိုက်ကွန်ထဲမှာ နေရတော့ရော စိတ်ချမ်းချမ်းသာသာ နေရသလားဆိုတော့ မနေရပါဘူး။ မကြာခင်မှာ သေရတော့မယ်ဆိုတဲ့ အသိနဲ့ စိတ်ပင်ပန်းဆင်းရဲစွာ နေရပါတယ်။ မလွဲမသွေ ကြုံတွေ့ရတော့မယ့် သေခြင်းတရားကို အနီးကပ်စောင့်စားရင်း စိတ်နှလုံးထိတ်လန့်တုန်လှုပ်စွာ ပူလောင်နေရပါတယ်။

ပိုက်ကွန်ထဲရောက်နေမှန်း သိပါရက်နဲ့၊ ပိုက်ကွန်မိနေမှန်းသိပါရက်နဲ့ ပျော်နေတဲ့သတ္တဝါ၊ စိတ်ချမ်းသာနေတဲ့သတ္တဝါကတော့ အင်မတန့်ကို မိုက်မဲလွန်းလို့ အင်မတန့်ကို ထူအ, လွန်းလို့ ဖြစ်ပါလိမ့်မယ်။

သတ္တဝါတွေကို လွတ်မြောက်ချမ်းသာခွင့် မပေးဘဲ ကျပ်တည်းဆင်းရဲစွာ ချုပ်နှောင်ငြိယှက်ထားတတ်တဲ့

http://www.dhammadownload.com

ပိုက်ကွန်တွေထဲမှာ မောဟပိုက်ကွန်ဟာ အဆိုးဝါးဆုံး ပိုက်ကွန်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မောဟပိုက်ကွန် ဟာ ပြတ်တောက်အောင် ဖြတ်ဖောက်ဖို့ အခက်ခဲဆုံး ပိုက်ကွန်၊ အထူထပ်ဆုံးပိုက်ကွန် ဖြစ်နေလို့ပါပဲ။

အပြင်လောကမှာရှိတဲ့ ငှက်ဖမ်းပိုက်ကွန်၊ ငါးဖမ်း ပိုက်ကွန်၊ သားကောင်ဖမ်းပိုက်ကွန်တွေက ငှက်တွေ၊ ငါး တွေ၊ သားကောင်တွေရဲ့ ကြိုးပမ်းအားထုတ်မှုကြောင့် တစ်ခါတစ်ရံမှာ အလွယ်တကူနဲ့ ပြတ်တောက်ကောင်း ပြတ်တောက်သွားနိုင်ပါတယ်။ ဒါတောင်မှ သိပ်တော့ မလွယ်လှပါဘူး။

မောဟပိုက်ကွန်ကတော့ အမိခံသတ္တဝါတွေ လောကနည်းလမ်းနဲ့ ဘယ်လိုပဲ ကြိုးပမ်းအားထုတ်အား ထုတ်၊ ဘယ်တော့မှ မပြတ်တောက်နိုင်ပါဘူး။ ဓမ္မနည်း လမ်းနဲ့ ကြိုးပမ်းအားထုတ်တာတောင်မှ လွယ်လွယ်ကူကူနဲ့ ပြတ်တောက်မသွားနိုင်ပါဘူး။ ပိုက်ကွန်အထပ်ရေ များပြီး ထူထဲလွန်းလှတဲ့အတွက် ခက်ခက်ခဲခဲ ဖြတ်ဖောက်မှ ပြတ် တောက်နိုင်ပါတယ်။

http://www.dhammadownload.com

သတ္တဝါတွေကို လွှမ်းခြုံရစ်ပတ်ထားတဲ့ မောဟ ပိုက်ကွန်က အထပ်ရေပေါင်း ကိုးထပ်တောင် ချုပ်စပ်ထား ပါတယ်။ ကိုးထပ်ချုပ်ပိုက်ကွန်ကြီးကို ထိုးဖောက် ဖြတ် တောက်ပြီး လွတ်မြောက်ခွင့်ရဖို့ ဆိုတာကတော့ တော်ရုံ တန်ရုံ စွမ်းအားမျိုးနဲ့ ဘယ်ဖြစ်နိုင်ပါ့မလဲ။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးရဲ့ အောက်ဆုံး အထပ်ကတော့ ကံနဲ့ ကံရဲ့အကျိုးကို မသိတဲ့ မောဟပါပဲ။ အထူထဲဆုံး၊ အကြမ်းတမ်းဆုံး ပိုက်ကွန်အထပ်ဖြစ်ပါတယ်။ သံသရာခရီးသွားတွေအတွက် . . . ကြောက်မက်ဖွယ် အ ကောင်းဆုံးပိုက်ကွန်လို့ဆိုရင် မမှားပါဘူး။

'သတ္တဝါတွေဟာ ကိုယ်ပြုတဲ့ကံ၊ ကိုယ်လုပ်တဲ့ အလုပ်ရဲ့ အကျိုးကို ကိုယ်ကိုယ်တိုင်ပဲ ခံစားရတယ်၊ ကောင်းကံပြုပြီး ကောင်းတာလုပ်ရင် ကောင်းကျိုးခံစားရ မယ်၊ မကောင်းကံပြုပြီး မကောင်းတာလုပ်ရင်မကောင်း ကျိုး ခံစားရမယ်' လို့ ကံနဲ့ ကံရဲ့အကျိုးလေးကိုတောင်မှ မသိနားမလည်လောက်အောင် မောဟထူပြောနေတဲ့သူ ဟာ 'ဒါ ကုသိုလ်ကံ၊ ကောင်းတဲ့အလုပ်၊ လုပ်သင့်တယ်၊

http://www.dhammadownload.com

ဒါ အကုသိုလ်ကံ၊ မကောင်းတဲ့အလုပ်၊ မလုပ်သင့်ဘူး’ ဆိုတာ ခွဲခြားဝေဖန်နိုင်စွမ်း လုံးဝ မရှိတဲ့အတွက် ကုသိုလ်ကံတွေကိုလည်း ဆည်းပူးစုဆောင်းဖြစ်မှာ မဟုတ်သလို အကုသိုလ်ကံတွေကိုလည်း စွန့်ကြဉ်ရှောင်ရှားဖြစ်မှာ မဟုတ်တော့ပါဘူး။

စိတ်ရဲ့ ပင်ကိုသဘာဝက မကောင်းမှုမှာပဲ မွေ့လျော်တတ်တာမို့ ကုသိုလ်မှန်း၊ အကုသိုလ်မှန်း ခွဲခြားမသိတဲ့ ပိုက်ကွန်မိ လူတစ်ယောက်အတွက် အကုသိုလ်တံခါးကြီး အမြဲဟင်းလင်းပွင့်နေပါတယ်။ ဒုစရိုက်တံခါးကြီး အမြဲဟင်းလင်းပွင့်နေပါတယ်။ အယူမှား မိစ္ဆာဒိဋ္ဌိကြီးတွေ အားလုံးဟာ ကံ, ကံရဲ့အကျိုးကို မသိ၊ မမြင်၊ မယုံကြည်မှုကနေ မြစ်ဖျားခံကြတာမို့ မိစ္ဆာဒိဋ္ဌိတံခါးကြီးလည်း အမြဲဟင်းလင်းပွင့်နေပါတယ်။

အကုသိုလ်တံခါးကြီးရဲ့ ဟိုဘက်၊ ဒုစရိုက်တံခါးကြီးရဲ့ ဟိုဘက်၊ မိစ္ဆာဒိဋ္ဌိတံခါးကြီးရဲ့ ဟိုဘက်မှာတော့ အပါယ်လေးဘုံပဲ ရှိပါတယ်။ အပါယ်လေးဘုံဟာ ကံနဲ့ ကံရဲ့အကျိုးကို လုံးဝ မယုံကြည်သူတွေရဲ့ ကိုယ်ပိုင်အိမ်ပါ

http://www.dhammadownload.com

ပဲ။ လယ်တီဆရာတော်ဘုရားကြီးရဲ့ စကားနဲ့ ပြောရရင် တော့ 'အပါယ်ထိုထို၊ ဥဒဟိုသည်၊ နင်လိုလူမိုက်သွားလမ်း တည်း' ပေါ့။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးရဲ့ နောက် အထပ် သုံးထပ်ကတော့ ရှေးဘဝကို မသိတဲ့ မောဟ၊ နောက်ဘဝကို မသိတဲ့ မောဟနဲ့ ရှေးဘဝ၊ နောက်ဘဝ နှစ်ခုလုံးကို မသိတဲ့မောဟတို့ဖြစ်ပါတယ်။

တချို့က ရှေးအတိတ်မှာ ဘဝတွေ ဖြစ်ခဲ့ဖူးတယ် ဆိုတာကို မယုံကြည်ကြပါဘူး။ ဒီဘဝကျမှ (ယခုပစ္စုပ္ပန် ဘဝကျမှ) ထာဝရဘုရား၊ မဟာဗြဟ္မာစတဲ့ တန်ခိုးရှင်တွေ ဖန်ဆင်းလိုက်လို့ ဘဝဆိုတာ ဖြစ်လာတယ်လို့ မှတ်ထင်နေ ကြပါတယ်။ ဒါပေမဲ့ နောက်နောက်အနာဂတ်မှာ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုတော့ ယုံကြည် ကြပါတယ်။ သူတို့ရဲ့ မောဟပိုက်ကွန်ကို ရှေးဘဝ (အတိတ် ဘဝ)ကို မသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟပိုက် ကွန် လို့ ခေါ်ပါတယ်။

တချို့က ရှေးအတိတ်မှာ ဘဝတွေ ဖြစ်ခဲ့ဖူးတယ်

http://www.dhammadownload.com

ဆိုတာကိုတော့ ယုံကြည်ကြပါတယ်။ ဒါပေမဲ့ နောက် နောက် အနာဂတ်မှာ ရဟန္တာမဖြစ်သေးသမျှ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာကိုတော့ မယုံကြည် ကြပါဘူး။ ဒီဘဝက သေရင် ပြီးတာပဲ၊ ပြတ်တာပဲ လို့ ယူဆကြပါတယ်။ သူတို့ရဲ့ မောဟပိုက်ကွန်ကို နောက်ဘဝ (အနာဂတ်ဘဝ)ကို မသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟပိုက်ကွန် လို့ ခေါ်ပါတယ်။

တချို့က ရှေးအတိတ်မှာ ဘဝတွေဖြစ်ခဲ့ဖူးတယ် ဆိုတာကိုလည်း မယုံကြည်ကြပါဘူး။ နောက်နောက် အနာ ဂတ်မှာ ဘဝတွေ ဆက်ကာဆက်ကာ ဖြစ်ရဦးမယ်ဆိုတာ ကိုလည်း မယုံကြည်ကြပါဘူး။ ဗုဒ္ဓတရားတော်တချို့ကို ဗုဒ္ဓရဲ့ ဆိုလိုရင်းအဓိပ္ပာယ် နားမလည်ဘဲ လိုရာဆွဲ ကိုး ကားပြီး 'ရှေးဘဝ နောက်ဘဝ ဗုဒ္ဓမဝေဖန်ဘူး' လို့တောင် တလွဲဝါဒဖြန့်ကြပါတယ်။ ဘဝဆိုတာ ပုခက်နဲ့ခေါင်းကြား မှာပဲ ရှိတယ်လို့ ယူဆကြပါတယ်။ သူတို့ရဲ့ မောဟပိုက်ကွန် ကို ရှေးဘဝ နောက်ဘဝနှစ်ခုလုံးကို မသိတဲ့ (မသိအောင် ဖုံးလွှမ်းထားတဲ့)မောဟပိုက်ကွန် လို့ ခေါ်ပါတယ်။

http://www.dhammadownload.com

တကယ်တော့ . . ဒီပိုက်ကွန် သုံးထပ်ကလည်း အောက်ဆုံးထပ် ပိုက်ကွန်နဲ့ တိုက်ရိုက် ဆက်စပ်ယှက်နွယ် နေပါတယ်။ ကံနဲ့ကံရဲ့ အကျိုးကို ပိုင်ပိုင်နိုင်နိုင် မသိတဲ့သူ၊ ကျေကျေနပ်နပ် သဘောမပေါက်တဲ့သူဟာ ရှေးဘဝ နောက်ဘဝဆိုတဲ့ ပရဘဝတွေကို ပစ်ပယ်ဖို့ လုံးဝ ဝန်လေး တော့မှာ မဟုတ်ပါဘူး။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးရဲ့ နောက်ဆုံး အထပ် ငါးထပ်ကတော့ သစ္စာလေးပါးကို မသိတဲ့ (မသိ အောင်ဖုံးလွှမ်းထားတဲ့)မောဟလေးမျိုးနဲ့ ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့ (မသိအောင်ဖုံးလွှမ်းထားတဲ့) မောဟတို့ပဲ ဖြစ်ပါ တယ်။

သစ္စာလေးပါးကို မသိတဲ့ မောဟလေးမျိုးက တော့ 'ရုပ်နာမ်ခန္ဓာမှန်သမျှ ဆင်းရဲအမှန် (ဒုက္ခသစ္စာ)ပဲ၊ အာရုံတွေ၊ ဘဝတွေအပေါ် သာယာတပ်မက်တဲ့ တဏှာ မှန်သမျှ ဆင်းရဲကြောင်းအမှန် (သမုဒယသစ္စာ)ပဲ၊ ရုပ် နာမ် မဖြစ်တဲ့၊ ရုပ်နာမ်လုံးဝမရှိတဲ့ နိဗ္ဗာန်ဟာ ဆင်းရဲချုပ် ငြိမ်းရာအမှန် (နိရောဓသစ္စာ)ပဲ၊ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါး၊

http://www.dhammadownload.com

သတိပဋ္ဌာန်စတဲ့ အကျင့်တရားဟာ ဆင်းရဲချုပ်ငြိမ်း ကြောင်းအမှန် (မဂ္ဂသစ္စာ)ပဲ' လို့ မသိတဲ့ မောဟတွေပါပဲ။

ပဋိစ္စသမုပ္ပါဒ်ကို မသိတဲ့ မောဟကတော့ 'မသိမှု အဝိဇ္ဇာစတဲ့ အကြောင်းတရားကြောင့် ပြုလုပ်အားထုတ်မှု သင်္ခါရစတဲ့ အကျိုးတရား ဖြစ်ပေါ်လာတယ်၊ မသိမှု အဝိ-ဇ္ဇာစတဲ့ အကြောင်းတရား ချုပ်ရင် ပြုလုပ်အားထုတ်မှု သင်္ခါရစတဲ့ အကျိုးတရားချုပ်တယ်' လို့ သံသရာစက် လည်ပတ်ပုံ၊ သံသရာစက်ချုပ်ပြတ်ပုံကို မသိတဲ့ မောဟ ပါပဲ။

ကိုးထပ်ချုပ် မောဟပိုက်ကွန်ကြီးမှာ အထူစား၊ အကြမ်းစားအထပ်နဲ့ အပါးစား၊ အနုစားအထပ်လို့ အထပ် နှစ်မျိုး ရှိပါတယ်။ အောက်ဆုံးလေးထပ်က အထူစား၊ အကြမ်းစားအထပ်တွေ ဖြစ်ပြီး၊ အပေါ်ဆုံးငါးထပ်က အ ပါးစား၊ အနုစားအထပ်တွေ ဖြစ်ပါတယ်။

အထူစား၊ အကြမ်းစား မောဟပိုက်ကွန်တွေကို တော့ သူတော်ကောင်းတရား နာကြားဖတ်ရှုခြင်း၊ မိမိ လက်လှမ်းမီရာ လူသားတွေရဲ့ ဘဝ တစ်ယောက်နဲ့ တစ်

http://www.dhammadownload.com

ယောက် မတူညီတာကို ထောက်ရှုခြင်း၊ ကံ, ကံရဲ့ အကျိုး ဆိုင်ရာ၊ တမလွန်ဘဝဆိုင်ရာ ကိုယ်တွေ့အဖြစ်အပျက် တွေကို လေ့လာသုံးသပ်ခြင်းအားဖြင့် ဖြတ်တောက်ဖျက်ဆီး ပစ်ရပါမယ်။

ကံနဲ့ကံရဲ့အကျိုးကိုလည်း ယုံကြည်ပြီ၊ ရှေးဘဝ၊ နောက်ဘဝကိုလည်း ယုံကြည်ပြီ၊ ယုံကြည်တဲ့အတိုင်းလည်း မကောင်းမှုအကုသိုလ် မှန်သမျှ ရှောင်ကြဉ်ပြီ၊ ကောင်းမှု ကုသိုလ်မှန်သမျှ စွမ်းနိုင်သလောက် ပြုပြီဆိုရင် မိမိရဲ့ မောဟပိုက်ကွန် တော်တော်လေး ပါးသွားပါပြီ။

အပါးစား၊ အနုစားပိုက်ကွန်တွေက ပါးပေ၊ နုပေ မယ့် ပြတ်အောင် ဖြတ်ဖို့ သိပ်မလွယ်ကူလှပါဘူး။ တော် တော် ခက်ခက်ခဲခဲ ဖြတ်ဖောက်မှ ပြတ်တောက်သွားနိုင်ပါ တယ်။

သစ္စာလေးပါးနဲ့ ပဋိစ္စသမုပ္ပါဒ်ကို စာပေဖတ်ရှု, တရားနာကြားပြီး စာတွေ့, နာတွေ့ သိတာမျိုး မဟုတ်ဘဲ (စက်ဝိုင်းထောက် ရှင်းပြတဲ့ ဆရာ့အပြောနဲ့ လွမ်းနေတဲ့ အသိမျိုး မဟုတ်ဘဲ) ပေါ်ဆဲရုပ်နာမ်ကို ပေါ်ဆဲအခိုက်မှာ

http://www.dhammadownload.com

သတိပဋ္ဌာန်နည်းကျ ဝိပဿနာ ကိုယ်တိုင်ရှုပွားလို့ ငါတွေ့ သိကြတဲ့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် အရိယာ ပုဂ္ဂိုလ်တွေတောင်မှ မောဟပိုက်ကွန်ကို ပါးသထက် ပါး လှပ်အောင်ပဲ တတ်နိုင်ကြပါသေးတယ်။ လုံးဝ ပြတ် တောက်သွားအောင် မစွမ်းဆောင်နိုင်ကြသေးပါဘူး။

ရဟန္တာဖြစ်မှပဲ မောဟပိုက်ကွန် လုံးဝ ပြတ် တောက်သွားပါတယ်။ ရဟန္တာမဖြစ်သေးသမျှတော့ ကု-သိုလ်ပြုနေတုန်း ပြုနေဆဲ အခိုက်အတန့်ခဏလေးမှာ တောင် မောဟပိုက်ကွန်က ငြိမ်သက်ကိန်းဝပ် အငုပ်ခာတ် အနေနဲ့ ရစ်ပတ်ချုပ်နှောင်ထားဆဲပါပဲ။

လူနတ်စည်းစိမ်ကို တောင့်တပြီးပြုတဲ့ ဝဋ္ဋနိဿိ တကုသိုလ် (ဝဋ်မှီကုသိုလ်) မှာပဲဖြစ်ဖြစ်၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တပြီးပြုတဲ့ ဝိဝဋ္ဋနိဿိတကုသိုလ် (ဝဋ် ရုန်းကုသိုလ်) မှာပဲဖြစ်ဖြစ်၊ မောဟပိုက်ကွန်က အနုသယ ခာတ်အနေနဲ့ ကိန်းဝပ်ချုပ်နှောင်ထားပါတယ်။ ပဋ္ဌာန်း သဘောနဲ့ပြောရရင်တော့ ပကတူပနိဿယသတ္တိနဲ့ မော ဟက ကုသိုလ်အားလုံးကို ကျေးဇူးပြုနေပါတယ်။

— — — — —

http://www.dhammadownload.com

မောဟကြောင့် ဝဋ္ဋမှီကုသိုလ်ရော၊ ဝဋ္ဋရုန်းကုသိုလ်ရော ဖြစ်တတ်တယ်ဆိုမှတော့ အကုသိုလ်လည်း ဖြစ်တယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။ မောဟကြောင့် ကုသိုလ်၊ အကုသိုလ်ဖြစ်တာကိုပဲ ပဋိစ္စသမုပ္ပါဒ်မှာတော့ 'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'လို့ ဆိုထားပါတယ်။

မောဟပိုက်ကွန်ရဲ့ အရစ်အပတ် အချုပ်အနှောင် ခံနေရသမျှတော့ သံသရာဝဋ်ဆင်းရဲထဲကနေ ဘယ်လိုနည်းနဲ့မှ မလွတ်မြောက်နိုင်ပါဘူး။ 'မသိတော့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရ၊ ရတော့ ဒုက္ခ' ဆိုတဲ့အတိုင်း မသိမှုမောဟက စတဲ့ သံသရာစက်ရဟတ်ကြီး မဆုံးနိုင် မရပ်နိုင် လည်ပတ်နေဦးမှာပါပဲ။

သစ္စာလေးပါးနဲ့ ပဋိစ္စသမုပ္ပါဒ်ကို မသိမမြင်အောင် ဖုံးကွယ်ထားတဲ့ အပါးစား၊ အနုစား မောဟပိုက်ကွန်ကို အကြွင်းမဲ့ ပြတ်တောက်အောင် ဖြတ်ဖောက်နိုင်တဲ့ တစ်ခုတည်းသော လက်နက်ကတော့ အပ္ပမာဒတရားပါပဲ။

မသိမှု မောဟတရားဟာ မေ့မှု ပမာဒတရား

http://www.dhammadownload.com

ကြောင့် ဖြစ်တာမို့ မသိမှု မောဟတရားရဲ့ ဆန့်ကျင်ဘက် သိမှု ဝိဇ္ဇာဖြစ်ဖို့အတွက် မေ့မှု ပမာဒတရားရဲ့ ဆန့်ကျင်ဘက် မမေ့မှု အပ္ပမာဒတရားကို အခိုင်အခံ့ တည်ဆောက်ဖို့ လိုအပ်ပါတယ်။ မေ့နေရင် မသိပါဘူး။ မမေ့မှ သိပါတယ်။ 'မေ့နေရင် မသိ၊ မမေ့မှ သိ' ဆိုတဲ့ အချက်နဲ့ ပတ်သက်ပြီး မြတ်စွာဘုရားရှင်လက်ထက်တုန်းက အဖြစ်အပျက်ကလေးတစ်ခုကို အကျဉ်းချုံး ပြောပြချင်ပါတယ်။

အာဠဝီပြည်မှာ ကျင်းပတဲ့ တရားပွဲတစ်ပွဲမှာ မြတ်စွာဘုရားရှင်က ဖခင်ဆီ ရက်ဖောက်တောင်း သွားပို့ဖို့ အိမ်ကထွက်လာရင်း တရားဝင်နာတဲ့ ရက်ကန်းသည်မလေးတစ်ယောက်ကို မေးခွန်းလေးခု မေးပါတယ်။ တစ်ခွန်းမေး၊ တစ်ခွန်းဖြေ ဖွဲ့စည်းထားတဲ့ အမေးအဖြေ အတွဲလေးတွဲကိုလည်း ကြည့်ပါဦး၊ စိတ်ဝင်စားစရာ ကောင်းလိုက်တာ။

"ချစ်သမီး၊ ဘယ်ကလာသလဲ"

"မသိပါဘုရား"

"ချစ်သမီး၊ ဘယ်သွားမလို့လဲ"

http://www.dhammadownload.com

'မသိပါဘုရား'

'ချစ်သမီး၊ တကယ်မသိဘူးလား'

'သိပါတယ်ဘုရား'

'ချစ်သမီး၊ တကယ်သိလား'

'မသိပါဘုရား'

မြတ်စွာဘုရားရှင်နဲ့ ဆန့်ကျင်ဘက် ပြောသလို ဖြစ်နေတဲ့ ရက်ကန်းသည်မလေးရဲ့ အဖြေစကားတွေ ကြောင့် သူမကို တရားနာပရိသတ်က အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချကြပါတယ်။

'ဘယ်ကလာသလဲ မေးတာပဲ၊ အိမ်က လာတယ်လို့ ဖြေလိုက်ပါလား၊ ဘယ်သွားမလို့လဲ မေးတာပဲ၊ ရက်ကန်းရုံ သွားမလို့ လို့ဖြေလိုက်ပါလား၊ မသိ - မသိဘူးပေါ့၊ သိ - သိတယ်ပေါ့၊ ခုတော့ မဟုတ်ပါဘူး၊ မြတ်စွာဘုရားရှင်ကိုများ ပမာမခန့်နဲ့၊ မလေးမစား . . .၊ ဟွန်း . . .'

အကျဉ်းချုပ်အဖြေစကားတွေကို အကျယ် ပြန်ရှင်းပြဖို့ မြတ်စွာဘုရားရှင်က မိန့်ကြားတော်မူတဲ့အတွက် ရက်ကန်းသည်မလေးက အခုလို ပြန်ရှင်းပြခဲ့ပါတယ်။

http://www.dhammadownload.com

'ဘယ်ကလာသလဲ မေးတာကို မသိပါလို့ ဖြေရတာက ဘယ်ဘဝက လာမှန်း မသိလို့၊ ဒီဘဝမရောက်ခင် အရင်ဘဝက ဘာသတ္တဝါ ဖြစ်ခဲ့တယ်ဆိုတာ မသိလို့ပါဘုရား'

'ဘယ်သွားမလို့လဲ မေးတာကို မသိပါလို့ ဖြေရတာက ဒီဘဝက သေရင် ဘယ်ဘဝရောက်မလဲဆိုတာ မသိလို့ပါဘုရား'

'တကယ်မသိဘူးလား မေးတာကို သိပါတယ်လို့ ဖြေရတာက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဧကန်မုချ သေရမယ်ဆိုတာ သေချာပေါက် သိနေလို့ပါဘုရား'

'တကယ်သိလား မေးတာကို မသိပါလို့ ဖြေရတာက ဘယ်အသက်၊ ဘယ်အချိန်မှာ ဘယ်အနာရောဂါနဲ့ သေရမယ်၊ သေပြီး ရုပ်အလောင်းကို ဘယ်နေရာ၊ ဘယ်သုသာန်မှာ မြှုပ်နှံခံရမယ်ဆိုတာ သေချာပေါက် မသိလို့ပါဘုရား'

မြတ်စွာဘုရားရှင်က အသေးစိတ် မမေးဘဲ အဖျားဆွတ် မေးတာကို ရက်ကန်းသည်မလေးက အသေး

http://www.dhammadownload.com

စိတ်တွေးပြီး အဖျားဆွတ် ဖြေနိုင်ခဲ့တာဟာ သူမရဲ့ အပ္ပမာဒတရားကြောင့်ပါပဲ။ သူမ ကျင့်သုံးနေတဲ့ အပ္ပမာဒတရားရဲ့ စွမ်းရည်သတ္တိကြောင့် မြတ်စွာဘုရားရှင်ရဲ့ မြှုပ်ကွက်ကို မြှုပ်ကွက်ပါလို့ မပြောရဘဲနဲ့ သူမ ချက်ချင်းဖော်ထုတ်နိုင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့သုံးနှစ်လောက်က အာဠဝီပြည်ကို မြတ်စွာဘုရားရှင် ကြွလာပြီး သေခြင်းတရားကို အမြဲမပြတ်သတိရအောက်မေ့တဲ့ မရဏာဿတိဘာဝနာကို မမေ့မလျော့ ပွားများကြဖို့ ဟောကြားတော်မူခဲ့ဖူးပါတယ်။

တခြား အာဠဝီပြည်သူပြည်သားတွေက တရားနာပြီးတာနဲ့ တရားကို တရားပွဲထဲမှာပဲ ချန်ထားရစ်ခဲ့ပြီး ကာမဂုဏ်အာရုံတွေ၊ အိမ်မှုကိစ္စ၊ လူမှုကိစ္စတွေနဲ့ မေ့မေ့လျော့လျော့ နေလိုက်ကြပါတယ်။ မရဏာဿတိဘာဝနာကို လုံးဝ မပွားများကြပါဘူး။ တစ်ဆယ့်ခြောက်နှစ်သမီး ရက်ကန်းသည်မလေးတစ်ယောက်ပဲ သုံးနှစ်လုံးလုံး အဆက်မပြတ် မရဏာဿတိဘာဝနာကို မမေ့မလျော့ ပွားများနေပါတယ်။

http://www.dhammadownload.com

သူများတွေ ပမာဒတရားနဲ့ မေ့နေကြချိန်မှာ မိမိက အပ္ပမာဒတရားနဲ့ မမေ့တဲ့အတွက် မြတ်စွာဘုရားရှင်ရဲ့ မြှုပ်ကွက်ကို ချက်ချင်း သိမြင်ပြီး ဒက်ထိ ဖြေဆိုနိုင်ခဲ့ပါတယ်။ 'မေ့နေတဲ့သူတွေ မသိနိုင်ဘူး၊ မမေ့တဲ့သူမှ သိနိုင်တယ်' ဆိုတဲ့အချက်ကို ရက်ကန်းသည်မလေးရဲ့ အဖြစ်အပျက်က အတိအလင်း မီးမောင်းထိုးပြနေပါတယ်။ မသိဘူးဆိုတာ မောဟပါ၊ အဝိဇ္ဇာပါ။ သိတယ်ဆိုတာ အမောဟပါ၊ ဝိဇ္ဇာပါ၊ ပညာပါ။ မသိမှုဆိုတဲ့ မောဟပိုက်ကွန်ကို ခုတ်ဖြတ်ဖျက်ဆီးပစ်နိုင်ဖို့အတွက် မမေ့မှုဆိုတဲ့ အပ္ပမာဒလက်နက်ကို အခိုင်အမြဲ ကိုင်စွဲထားရပါမယ်။

မသိမှုမောဟက ဘယ်မှာဖြစ်သလဲဆိုရင် မြင်ရ၊ ကြားရ၊ နံရ၊ စားရ၊ ထိရ၊ သိရတဲ့ အာရုံတွေမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ သိတိုင်း 'မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ ထိတယ်၊ သိတယ်' လို့ သတိပဋ္ဌာန်နည်းကျ ဝိပဿနာရှုပွားသွားရပါမယ်။

သတိ၊ သမာဓိ၊ ဉာဏ် အားကောင်းလာတာနဲ့

http://www.dhammadownload.com

အမျှ ရုပ်နာမ်ကွဲ၊ ကြောင်းကျိုးသိ၊ ဖြစ်ပျက်မြင်၊ လက္ခဏာထင်ပြီး မသိမှု မောဟတရားတွေ တဖြည်းဖြည်း ပါးပါးသွားပါလိမ့်မယ်။ နောက်ဆုံး အရဟတ္တမဂ်ဓားလက်နက်နဲ့ ခုတ်ဖြတ် ဖျက်ဆီးပစ်လိုက်လို့ မိမိကို ဖုံးအုပ် ချုပ်နှောင်ထားတဲ့ မောဟပိုက်ကွန်ကြီး အပိုင်းပိုင်း စုတ်ပြတ်ပျက်စီးသွားပြီဆိုရင်တော့ မိမိလည်း သံသရာဝဋ်ဆင်းရဲကြီးကနေ အပြီးတိုင် ရုန်းထွက်လွတ်မြောက်ခွင့် ရသွားပါပြီ။

မောဟပိုက်ကွန် အကြွင်းမဲ့ ပြေပေါက်ပြီး နိဗ္ဗာန်စခန်း အပြီးတိုင် ဆိုက်ရောက်သွားကြတဲ့ သတ္တဝါတွေဟာ တကယ်တော့ နည်းနည်းလေးပဲ ရှိပါတယ်။ ဒီအကြောင်းကို ရက်ကန်းသည်မလေး သောတာပန်ဖြစ်သွားအောင် ဆက်ဟောတဲ့ တရားဂါထာမှာ . . . မြတ်စွာဘုရားရှင်က အခုလို ဟောကြားတော်မူခဲ့ပါတယ်။

'သတ္တဝါတွေရဲ့ ပညာမျက်စိဟာ ကြောင်တောင်ကန်းနေတဲ့အတွက် သတ္တလောကကြီးတစ်ခုလုံး အမှောင်အတိ ဖုံးလွှမ်းနေပါတယ်။ ဒီသတ္တဝါတွေထဲက တချို့တလေလောက်သာ ပညာမျက်စိနဲ့ ထိုးထိုးထွင်းထွင်း သိ

http://www.dhammadownload.com

မြင်နိုင်ကြပါတယ်။ ပိုက်ကွန်မိပြီးမှ ပြန်လွတ်ထွက်နိုင်တဲ့ ငှက်အရေအတွက်ဟာ အင်မတန် နည်းပါးလှသလို အပ္ပ-မာဒတရား လက်ကိုင်ထားသူ၊ သတိပဋ္ဌာန်တရား လက်တွေ့ပွားသူ တချို့တလေ အနည်းစုလောက်သာ မောဟပိုက်ကွန်ထဲကနေ ရုန်းထွက်လွတ်မြောက်ပြီး နိဗ္ဗာန်ကို အပြီးတိုင် ဆိုက်ရောက်သွားနိုင်ကြပါတယ်'

တစ်လောကလုံးရဲ့ အနှိုင်းမဲ့ကျေးဇူးရှင် ဖြစ်တဲ့ မြတ်စွာဘုရားရှင်က မောဟပိုက်ကွန်ဟာ အနှိုင်းမဲ့ပိုက်ကွန်ဖြစ်တယ်လို့ 'နတ္ထိ မောဟသမံ ဇာလံ' ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း မောဟပိုက်ကွန်ဆိုတဲ့ အနှိုင်းမဲ့ပိုက်ကွန်ကို အကြွင်းမဲ့ ပြတ်တောက်အောင် ဖြတ်ဖောက်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ။

■ **အပ္ပမာဒေန သမ္ပာဒေထ။**

[အပ္ပမာဒမဂ္ဂဇင်း၊ ဇူလိုင်လ၊ ၂၀၀၀။]

http://www.dhammadownload.com

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော
လက်ကမ်းစာအုပ်ငယ်များကို
ဓမ္မဒါန ပြုလုပ်လိုပါက
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တက်လမ်းဆောက်လုပ်ရေးအဖွဲ့
အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း(အောက်)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။

[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခွင့် မပြုပါ။
ဓမ္မဒါနသက်သက်အတွက်သာ စီစဉ်ပေးခြင်း ဖြစ်ပါသည်။]